မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. _ _ Volume 18/Issue 1 / January / 2026




## နှစ်သစ်လက်ဆောင်

~~~~~~~~~~~~~~~~~~~~~

ဘိုးဘေးတို့၏ ဘုရားသခင်ထာဝရဘုရား ကတိတော်ရှိသည်အတိုင်း၊
သင်သည် နို့နှင့်ပျားရည်စီးသောပြည်၌ ချမ်းသာရ၍ အလွန်ပွားများမည်အကြောင်း
နားထောင်လော့။ သတိနှင့်ကျင့်စောင့်လော့။

ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။
သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။

ထိုသို့ပြုလျှင်၊ အသက်တာရှည်၍ ကောင်းစားလိမ့်မည်။
အစားအစာပေါ်များကြွယ်ဝ၍၊ အနာရောဂါမှကင်းဝေးစေမည်။

ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသိတင်းကို ကြားပြောသောသူ၊
ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာသီတင်းကို ကြားပြောသောသူတို့၏
စကားသံကိုနားထောင်၍ ရွှင်လန်းသောအသံနှင့် တညီတညွတ်တည်း ကြွေးကြော်ပါမည်။
ငါတို့ဘုရားသခင်၏ ကယ်တင်တော်မူခြင်းကျေးဇူးတော်သည် ကြီးမားလှပေ၏။ အာမင်။

## 2026 January, Sunday Worship Programs

**JANUARY 2026**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

*January 4, 2026 … The First New Year Worship Service &*
*The First Holy Communion in 2026*

*January 11, 2026 … Regular Worship Service*

*January 18, 2026 … Regular Worship Service*

*January 25, 2026 … BCF Church 49th Anniversary Worship Service and*
*BCF Official Board Members Consecration Service*
****Guest Speaker: Sayama Dr, Anna May Say Pa ****

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*
~~~~~~~~~~~~~~~~~~~~~

# နှစ်သစ်မှာ လူသစ်ဖြစ်စေဖို့



၂၀၂၅ ဒီဇင်ဘာ .. ကုန်လုပြီမို့
၂၀၂၆ နှစ်သစ်ကို .. လှမ်းမျှော်ကြည့်ရာ
သက်ရှင်သူအားလုံး .. လျှောက်ရမဲ့လမ်း … ။

ကျဉ်းသောလမ်း .. ကျယ်သောလမ်း
လွယ်သောလမ်း .. ခက်ခဲသောလမ်း
ပွင့်နေသောလမ်း .. ပိတ်ထားသောလမ်း
မှောပမ်းစေသောလမ်း .. မူးမော်စေသောလမ်း … ။

လေလေးတချွန်ချွန် .. သီချင်းတအေးအေး
စိတ်လွတ်ကိုယ်လွတ် .. လျှောက်ရတဲ့လမ်း … ။

အတက်အဆင်း .. လောဘဇောနဲ့ .. မက်မောနေတဲ့လမ်း
အကွေ့အကောက် .. အပျော်အပါးနဲ့ .. ယစ်မူးနေတဲ့လမ်း … ။

လမ်း … နေ့စဉ်ရှောက်ရမဲ့လမ်း
ချောမွေ့သည်ဖြစ်စေ .. ကြမ်းတမ်းသည်ဖြစ်စေ
ဖြောင့်တန်းသည်ဖြစ်စေ .. ကွေ့ကောက်သည်ဖြစ်စေ
သင်ရဲ့အလိုအတိုင်း .. သင်ရဲ့စိတ်ကြိုက်
ရွေးချယ်ပြီးမလျှောက်နှင့် လမ်းမှားသွားနိုင်တယ် … ။

လမ်းဆုံးမှာ .. ပူပြင်းတဲ့ငရဲမီးအိုင်
ရှိနေကြောင်းကို သတိပေးပါရစေ … ။

ယေရှုသခင် .. ညွှန်ပြရာလမ်း
သခင်နှင့်အတူ .. နောက်တော်ပါးက
လက်ချင်းတွဲလို့ .. လျှောက်ကာလှမ်း … ။

နှစ်သစ်မှာ .. နာခံသူအပေါင်းတို့
ကယ်တင်ရာလမ်းပေါ် .. မျှော်ကြည့်လေသော်
မကုန်ဆုံးနိုင် .. ပျော်မွေ့ခြင်းကို
အစဉ်ပေးမည် .. ဂတိတော်ရှိနေ … ။

၂၀၂၆ နှစ်သစ်ကို
ဘုရားသခင် .. အလိုတော်အတိုင်း
လူသစ်စိတ်သစ် .. ခွန်အားသစ်ဖြင့် ရှေ့သို့ချီတက်စို့ … … ။

## ၂၀၂၆ နှစ်သစ် အတွက် ဆုတောင်း

အိုအဖဘုရားသခင်၊ သာယာပျော်ရွှင်ဖွယ်ရာ ကမ္ဘာကြီးဖြစ်စေဖို့ရန်–

ပျက်စီးခြင်းမှ … ကယ်တင်ခြင်းသို့
ဆုံးရှုံးခြင်းမှ … အောင်မြင်ခြင်းသို့
နာကျည်းခြင်းမှ … ခွင့်လွှတ်ခြင်းသို့
ညစ်ညူးခြင်းမှ … သန့်ရှင်းခြင်းသို့
ပူဆွေးခြင်းမှ … သက်သာခြင်းသို့
ချည်နှောင်ခြင်းမှ … လွတ်လပ်ခြင်းသို့
ဝမ်းနည်းခြင်းမှ … ဝမ်းမြောက်ခြင်းသို့
ကွဲကွာခြင်းမှ … ပေါင်းစည်းခြင်းသို့
ရန်လိုခြင်းမှ … ကြည်သာခြင်းသို့
မုန်းတီးခြင်းမှ … ချစ်ခင်ခြင်းသို့
ခါးသီးခြင်းမှ … ချိုသာခြင်းသို့
ဆင်းရဲခြင်းမှ … ဝပြောခြင်းသို့
ပင်ပန်းခြင်းမှ … ချမ်းသာခြင်းသို့
ဖျားနာခြင်းမှ … ကျန်းမာခြင်းသို့
တိုက်ခိုက်ရေးမှ … ငြိမ်းချမ်းရေးသို့
မိမိအကျိုးမှ … အများအကျိုးသို့
အမှောင်တွင်းမှ … အလင်းထဲသို့
အမင်္ဂလာမှ … မင်္ဂလာသို့



ပြောင်းလဲခြင်းရှိရန် မ,စတော်ပါမည့်အကြောင်း

သခင်ယေရှု၏မြတ်နာမ၌ အတူတကွပါဝင်ကာ ပဌနာပြုဆုတောင်းခံပါ၏။
အာမင် .. ။

# နှစ်သစ်– လူသစ်– စိတ်သစ်

ကျေးဇူးတော်ကြောင့် ၂၀၂၆ နှစ်သစ်သို့ ရောက်ရှိလာပါတော့မည်။
မိမိတို့၏အသက်တာကိုလည်း အသစ်တဖန် အစပြုရတော့မည်။
နှစ်သစ်သည် ဘုရားသခင်ပေးသနားတော်မူသော လက်ဆောင် ဖြစ်သည်။

ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်၍ ပြန်လည်သစ်လွင်ခြင်း၊ ပြန်လည်နိုးကြားခြင်း နှင့် ပြန်လည်ပြုပြင်ခြင်း တို့ကို အသစ်ပြုပြင်နိုင်စွမ်းသော အနန္တဘုန်းတန်ခိုးတော်အရှင် ဖြစ်သည်။ နှစ်ဟောင်းမှာ ပြဿနာ၊ အခက်အခဲအမျိုးမျိုးနှင့် တွေ့ကြုံခံစားခဲ့ရသောသူများ တို့ကို နှစ်သစ်၌ အသစ်တဖန်ပြန်လည်၍ နိုးကြားလန်းဆန်း တောက်ပြောင်စေနိုင်ပါသည်။

ဘဝဟောင်း၌ကျင်လည်ပြီး၊ ပျက်စီးဆုံးရှုံးနေသူတို့၏အသက်တာများကို တဖန်ပြန်လည် တောက်ပြောင်လာစေရန်၊ ခွန်အားပြည့်စုံလာစေရန်၊ ဘုရားသခင်အလိုတော်ရှိသည်။ ဟောင်းနွမ်းသောအရာများသေဆုံးသွားပြီး၊ သစ်လွင်သောအရာများ တဖန်ပြန်လည်၍ မွေးဖွားလာခြင်းသည် မင်္ဂလာအပေါင်းနှင့်ပြည့်သော အသက်တာဘဝသစ်ကို တည်ဆောက်ခြင်းဖြစ်သည်။

❖ နှစ်သစ်၌ စိတ်နှလုံးကို အသစ်ပြင်ဆင်ပါ။

ဗတ္တိဇံခံကိုယူပြီးသူတစ်ဦးသည် ဒုတိယအကြိမ်မွေးဖွားခြင်းခံရလျှင် ထိုသူ၏ဝိညာဉ်သည် လုံးဝပြောင်းလဲသွားမည်ဖြစ်သည်။ ဘုရားသခင်သည် ထိုသူကို အသစ်သောဝိညာဉ်ကို ပေးသော်လည်း သင်၏စိတ်နှလုံးသည် အဟောင်းအတိုင်းသာ ရှိနေမြဲရှိတတ်ပါ၏။ ထို့ကြောင့်၊ ယုံကြည်သူ ခရစ်ယာန်တိုင်းသည် မိမိတို့၏စိတ်နှလုံးကို အမြဲသစ်လွင်နေစေရန် မိမိ၌တာဝန် ရှိသည်။ တနည်း ပြောရလျှင်၊ သင်၏စိတ်နှလုံးကို အသစ်တဖန် ပြန်၍မပြုပြင် (သို့) ပြန်၍သစ်လွင်ခြင်း မရှိကြပါက သင်သည် ဝိညာဉ်သစ်ရှိပြီး၊ စိတ်နှလုံးအဟောင်းကို ပိုင်ဆိုင်သူတစ်ယောက်သာဖြစ်နေသေးသည်။ ထို့ကြောင့်၊ သင်သည် ဘုရားသခင်၏နှုတ်ကပါတ်တော်သမ္မာကျမ်းစာကို ဖတ်ရှု၊ လေ့လာ၊ သင်ယူဖို့ရန်အထူးလိုအပ်ပါသည်။ သမ္မာကျမ်းစာကို ကြားနာခြင်းအားဖြင့် သိရှိနေပါသော်လည်း လက်ခံကျင့်သုံးပြုပြင်ခြင်း မရှိခဲ့ပါလျှင် သင်၌ပြောင်းလဲခြင်းမရှိနိုင်။ သင်၏ပြောင်းလဲခြင်းကိုလည်း မတွေ့ရ မမြင်ရကြပါ။

ထိုသို့၊ မိမိကိုယ်ကို သိမြင်ခဲ့သူသည် သမ္မာကျမ်းစာနှင့်အညီ ဟောပြောသင်ကြားသော အသင်းတော်တစ်ပါးပါးသို့ဆက်သွယ်၍၊ အတူတကွ ဝတ်ပြုကိုးကွယ်မှုကိုပြုပါ။ မိဿဟာယဖွဲ့ပါ။ သို့မှသာ၊ သင်၏စိတ်နှလုံးသည် တရားဒေသနာများကို ကြားသိနားလည်ခြင်းရှိပြီး၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် သင်သည် အသစ်ပြုပြင်ခြင်းကို ခံရပါလိမ့်မည်။

"လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။
ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည်အသစ်ဖြစ်ကြပြီ။
ထိုသို့ဖြစ်သော်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။" ၂ကော၊၅း၁၇။

ဝိညာဉ် = Spirit  အသစ်တဖန်မွေးဖွားခြင်း = Born again
စိတ်နှလုံး = Mind  အသစ်ပြုပြင်ခြင်း = New Creation

"စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။
သင်တို့ ခန္ဓာထဲက ကျောက်နှလုံးကို နှုတ်၍ အသားနှလုံးကို ပေးမည်။
ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏တရားလမ်းသို့ လိုက်၍၊
ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။" ယေဇကျေလ၊၃၆း၂၆–၂၇။

ယုံကြည်သူများသည် စစ်မှန်သောအသစ်ပြုပြင်ခံရသည့်သတ္တဝါများဖြစ်ကြသောကြောင့် ဖေက်ဩဝါဒစာ၊ ၅း၁–၂ မှာ ပါရှိထားသည့်အတိုင်း၊ "သင်တို့သည် ဘုရားသခင်၏ချစ်သား ဖြစ်ကြသည်နှင့်အညီ၊ သခင်ဘုရားကျင့်တော်မူသည် နည်းတူ ကျင့်ကြလော့။ ခရစ်တော်သည် ငါတို့ကို ချစ်တော်မူသောအားဖြင့် ဘုရားသခင်၏ရှေ့တော်၌ မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ် ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ကျင်လည်ကြလော့။" ဟု ပြောထားသည့်အတိုင်း နာခံ၍လိုက်လျှောက်ကြရပါမည်။

ဆက်လက်၍၊ ဖေက်ဩဝါဒစာ၊ ၅း၅ တွင်၊ ဤသို့ပြောထားပါ၏။
"မတရားသောမေထုံ၌မှီဝဲခြင်း၊ အမျိုးမျိုးသောကိလေသာညစ်ညူးခြင်း၊ လောဘလွန်ကျူးခြင်းအမှုတို့ကို သန့်ရှင်းသော သူတို့သည် ရှောင်သင့်သည်အတိုင်း၊ စကားမျှဖြင့် မဆက်ဆံကြနှင့်။"

ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ လူတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးသည် ယေရှုခရစ်တော်ကိုယုံကြည်လက်ခံပြီး၊ ဒုတိယမွေးခြင်းခံရသော်လည်း ထိုသူ၏ဘဝအသက်တာ၌ ပညတ်တော်အတိုင်း မကျင့်ဘဲ၊ အပြစ်တစ်ခုပြီးတစ်ခုကို ကျင့်ကြံ၊ ပြောဆိုနေပါသော်လည်း မိမိအပြစ်ပြုနေသည်ကို မမြင်တတ်ကြပါ။ သတိမထားဂရုမပြုဘဲ ဆက်လက်၍သာ လုပ်မြဲလုပ်နေတတ်ကြသည်။ ထိုကဲ့သို့မပြုကျင့်ရန် သတိပေးသူများကိုပင် အမြင်မကြည် မုန်းတီးနေမြဲဖြစ်သည်။ ထို့ကြောင့်၊ မတော်မလျော်သောစကားတို့ကိုပယ်ရှား၍၊ မေတ္တာဖြင့် ချစ်ခင်ရင်းနှီးစွာ ချီးမွမ်းသော စကားတို့ကိုသာ ပြောဆိုလျှင် အမြဲသစ်လွင်နေမည် ဖြစ်သည်။

❖ သင်၏စိတ်နှလုံးကို မည်ကဲ့သို့ အသစ်ပြင်ဆင်မည်နည်း။

သမ္မာကျမ်းစာရှိ နှုတ်ကပါတ်စကားတော်ကို လက်ခံခြင်းဖြင့် သင်၏စိတ်နှလုံးကို အသစ်တဖန်ပြုပြင်နိုင်ပါသည်။ သို့ရာတွင်၊ သင်၏အတွေးအခေါ်နှင့် အယူအဆများတို့ကို သုတ်သင်ပယ်ရှင်းပစ်ရမည်။ သို့မှသာ၊ သင်၏စိတ်နှလုံးသည် ကြည်လင်သန့်ရှင်းသွားပြီး၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်းကိုခံစားသိရှိလာမည်။ ထိုစိတ်နှလုံးသစ်သည် သင့်အားအသက်တာသစ်သို့ ဆွဲခေါ်သွားမည်။

၂၀၂၆ နှစ်သစ်ကို ကျွန်ုပ်တို့ မဝင်ရောက်ရသေးပါ။ ရက်အနည်းမျှသာ လိုပါတော့သည်။ သို့သော်လည်း၊ ၂၀၂၆ ခုနှစ်ကို ပြင်ဆင်ပေးတော်မူသော ကောင်းကင်ဘုံရှင်အဖ ဘုရားသခင်ကို ကျွန်ုပ်တို့ သိရှိခွင့်ရပြီး၊ ယုံကြည်ကိုးကွယ်ကြပါ၏။ ကျွန်ုပ်တို့ အယောက်စီတိုင်းကိုလည်း မေတ္တာ၊ ဂရုဏာ၊ သစ္စာနှင့် ကျေးဇူးတော် အားဖြင့် ပို့ဆောင်သွားမည်ဖြစ်ကြောင်းကို စိတ်ချယုံကြည်ပါ။

ရှေ့လာမည့် ၂၀၂၆၊ နှစ်၏အစ၊ လ၏အစမှာ အသစ်တဖန်ပြုပြင်ခြင်းကို ကျွန်ုပ်တို့သည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့ရန် မိမိအလိုကိုငြင်းပယ်၍၊ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြ သွန်သင်မှုကိုခံယူရမည်။ သမ္မာတရားတော်နှင့်အညီလိုက်လျှောက်ရပါမည်။ သို့မှသာ၊ များလှစွာသောဝိညာဉ်အသီးကို သီးခြင်းဖြင့် သာဓုသစ္စာရှိသော ယေရှုခရစ်တော်၏တပည့်များ အဖြစ်နှင့် ဘုရားဘုန်းတော်ကိုထင်ရှားစေမည်။၂၀၂၆ မင်္ဂလာနှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေမည်။ ။

# ဂရုဏာစိတ်ရှိ၍ သနားကြင်နာတတ်သော လူငယ်လေး



တစ်ချိန်တစ်ခါက၊ ကင်ညာနိုင်ငံရှိတောရွာလေးတစ်ရွာမှ လူငယ်လေးတစ်ယောက်သည် သူ၏မိသားစုနှင့်အတူ နေထိုင်ပါသည်။ ထိုရွာတွင်၊ ရေရှားပါးမှုကြောင့် လူငယ်လေးမှာ နံနက်တိုင်း နံနက်စောစော အိပ်ရာကနိုးလာသည်နှင့် ရေအိုးကိုထမ်းပြီး သူ၏မိသားစုအတွက် ရေကိုရရှိဖို့ရန် ရည်ရွယ်ချက်ဖြင့် ချောင်းရေရှိရာသို့ ခြေလျှင်လမ်းလျှောက်ခရီးထွက်လာခဲ့ရပါသည်။

သူ၏မောင်နှမများက အိမ်တွင်သက်သက်သာသာနှင့် အလုပ်များကို လုပ်ဆောင်နေကြရသော်လည်း ဟိုးအဝေးကြီးကစမ်းချောင်းတစ်ခုမှ ရေကိုသွားခပ်၍သယ်ယူရန် နေ့စဉ်နံနက်တိုင်း၊ ညနေတိုင်း ရေသယ်ယူရသောတာဝန်ကို လုပ်နေရသူမှာ သူတစ်ယောက်တည်းသာ ဖြစ်နေသည်။ သနားစရာကောင်းလှပေ၏။ သို့တိုင်အောင်၊ ငယ်ရွယ်သောကလေးသည် သူ၏မိသားစုအပေါ်မှာ ဒေါသအငြိုးတေးမထားဘဲ၊ သူတို့ကိုချစ်မြဲချစ်နေ၍ မိမိ၏တာဝန်ကို ဝီရိယရှိရှိထမ်းဆောင်ခဲ့သည်။

တနေ့တွင်၊ စမ်းချောင်းမှအိမ်ပြန်လမ်းမှာ သစ်ပင်တစ်ပင်အောက်တွင် ရေငတ်ပြေစေရန် ခေတ္တအနားယူနေသော အဘိုးအိုတစ်ဦးနှင့် တွေ့ပြီး၊ ထိုအဘိုးအိုအားရေပေးခဲ့သည်။ ထိုနောက်၊ ရေတောင်းနေတဲ့ သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးနှင့်တွေ့ပြီး။ ထိုအမျိုးသမီးကိုလည်း ရေပေးခဲ့လေသည်။ ရေခပ်ပြီးစမ်းချောင်းမှပြန်လာတဲ့အခါတိုင်းမှာ၊ ရေငတ်လို့ရေတောင်းသူများနှင့်ကြုံတွေ့လာတဲ့အခါမှာ ထိုသူများအား သူ့ရေကိုပေးခဲ့သည်။ မိသားစုအတွက် မလုံလောက်နိုင်တဲ့ ရေအိုးတဝက်လောက်ရေကို တွေ့ပြီး၊ သူ့အမေက သူ့ကိုညှင်းပမ်းနှိပ်စက်ပေမဲ့လည်း ရေလိုအပ်နေသူကို သူရေပေးမြဲပေးခဲ့သည်။

တစ်နေ့မှာတော့ သူ့အမေရဲ့ ညှင်းပမ်းနှိမ့်စက်မှုကို မခံနိုင်တော့သောကြောင့် ဘယ်သူ့ကိုမှ ရေမပေးဘူးဆိုပြီး ကျိန်ဆိုခဲ့ပေမဲ့လည်း၊ အိမ်ပြန်လာရာလမ်းမှာ ရေတောင်းနေတဲ့ ထူးဆန်းတဲ့မျက်နှာထားနဲ့ သူတစ်ယောက်ကို တွေ့ခဲ့ပါတယ်။ ထိုထူးဆန်းတဲ့လူက ဒဏ်ရာဒဏ်ချက်များနဲ့ လမ်းဘေးမှာ လှဲလျောင်းအိပ်နေတယ်။ ထိုလူငယ်လေးက ဘယ်သူ့ကိုမှ ရေမပေးတော့ပါဘူးဆိုတဲ့ ကတိစကားကို သတိရသော်လည်း သူ၏အတွင်းစိတ်သဏ္ဍာန် မေတ္တာ၊ ဂရုဏာ၊ စေတနာ နှိုးဆွမှုကြောင့် ခဏလေးဆင်ခြင်ပြီးမှ ထိုထူးဆန်းတဲ့လူကို ရေပေးလိုက်တယ်။

သူအိမ်ပြန်ရောက်တော့ သူ့အမေက ရေအိုးတဝက် ရေရှိနေတာကို သတိပြုမိသွားပြီး၊ ဒီတစ်ခါတော့ ရက်ရက်စက်စက်နဲ့ လူငယ်လေးကို ပို၍ရိုက်နှက်နေချိန်မှာ တံခါးလာခေါက်သံကို ကြားရတယ်။ တခါးကိုဖွင့်လိုက်သည်နှင့် ဒဏ်ရာရနေတဲ့ ထိုထူးဆန်းတဲ့လူကို တွေ့မြင်လိုက်၏။

"စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။
သင်တို့ ခန္ဓာထဲက ကျောက်နှလုံးကို နှုတ်၍ အသားနှလုံးကို ပေးမည်။
ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏တရားလမ်းသို့ လိုက်၍၊
ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။" ယေဇကျေလ၊၃၆း၂၆–၂၇။

ယုံကြည်သူများသည် စစ်မှန်သောအသစ်ပြုပြင်ခံရသည့်သတ္တဝါများဖြစ်ကြသောကြောင့် ဖေက်သြဝါဒစာစောင်၊ ၅း၁–၂ မှာ ပါရှိထားသည့်အတိုင်း၊ "သင်တို့သည် ဘုရားသခင်၏ချစ်သားဖြစ်ကြသည်နှင့်အညီ၊ သခင်ဘုရားကျင့်တော်မူသည် နည်းတူ ကျင့်ကြလော့။ .. ခရစ်တော်သည် ငါတို့ကို ချစ်တော်မူသော အားဖြင့် ဘုရားသခင်၏ ရှေတော်၌ မွှေးကြိုင်သောအနံ့ ရှိစေခြင်းငှါ ၊ ကိုယ်ကိုကိုယ် ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။" ဟု ပြောထားသည့်အတိုင်း နာခံ၍လိုက်လျှောက်ကြရပါမည်။

ဆက်လက်၍၊ ဖေက်သြဝါဒစာ၊ ၅း၅ တွင်၊ ဤသို့ပြောထားပါ၏။
"မတရားသောမေထုံ၌ မှိဝဲခြင်း၊ အမျိုးမျိုးသောကိလေသာညစ်ညူးခြင်း၊
လောဘလွန်ကျူးခြင်းအမှု တို့ကို သန့်ရှင်းသော သူတို့သည် ရှောင်သင့်သည်အတိုင်း၊
စကားမျှဖြင့် မဆက်ဆံကြနှင့်။"

ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ လူတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးသည် ယေရှုခရစ်တော်ကိုယုံကြည်လက်ခံပြီး၊ ဒုတိယမွေးခြင်းခံရသော်လည်း ထိုသူ၏ဘဝအသက်တာ၌ ပညတ်တော်အတိုင်း မကျင့်ဘဲ၊ အပြစ်တစ်ခုပြီးတစ်ခုကို ကျင့်ကြံ၊ ပြောဆိုနေပါသော်လည်း မိမိအပြစ်ပြုနေသည်ကို မမြင်တတ်ကြပါ။ သတိမထားဂရုမပြုဘဲ ဆက်လက်၍သာ လုပ်မြဲလုပ်နေတတ်ကြသည်။ ထိုကဲ့သို့မပြုကျင့်ရန် သတိပေးသူများကိုပင် အမြင်မကြည် မုန်းတီးနေမြဲဖြစ်သည်။ ထို့ကြောင့်၊ မတော်မလျော်သောစကားတို့ကိုပယ်ရှား၍၊ မေတ္တာဖြင့် ချစ်ခင်ရင်းနှီးစွာ ချိုးမွမ်းသော စကားတို့ကိုသာ ပြောဆိုလျှင် အမြဲသစ်လွင်နေမည် ဖြစ်သည်။

❖ သင်၏စိတ်နှလုံးကို မည်ကဲ့သို့ အသစ်ပြင်ဆင်မည်နည်း။

သမ္မာကျမ်းစာရှိ နှုတ်ကပါတ်စကားတော်ကို လက်ခံခြင်းဖြင့် သင်၏စိတ်နှလုံးကို အသစ်တဖန်ပြုပြင်နိုင်ပါသည်။ သို့ရာတွင်၊ သင်၏အတွေးအခေါ်နှင့် အယူအဆများတို့ကို သုတ်သင်ပယ်ရှင်းပစ်ရမည်။ သို့မှသာ၊ သင်၏စိတ်နှလုံးသည် ကြည်လင်သန့်ရှင်းသွားပြီး၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းကိုခံစားသိရှိလာမည်။ ထိုစိတ်နှလုံးသစ်သည် သင့်အားအသက်တာသစ်သို့ ဆွဲခေါ်သွားမည်။

၂၀၂၆ နှစ်သစ်၏ ဦးထမလဖြစ်သော ဇန်နဝါရီလသို့ ဝင်ရောက်လာခဲ့ပါပြီ။

သို့ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့ယုံကြည်သူများသည် ၂၀၂၆ ခုနှစ်ကို ပြင်ဆင်ပေးတော်မူသော ကောင်းကင်ဘုံရှင်အဖ ဘုရားသခင်ကို သိရှိခွင့်ရပြီး၊ ယုံကြည်ကိုးကွယ်ကြပါ၏။ ကျွန်ုပ်တို့အယောက်စီတိုင်းကိုလည်း မေတ္တာ၊ ဂရုဏာ၊ သစ္စာနှင့် ကျေးဇူးတော်အားဖြင့် ပို့ဆောင်သွားမည်ဖြစ်ကြောင်းကို စိတ်ချယုံကြည်ပါ၏။

ကျွန်ုပ်တို့သည် လာမည့်၂၀၂၆ ခုနှစ်၏အစ၊ အလယ်၊ အဆုံးထိတိုင် အသစ်တဖန်ပြုပြင်ခြင်းကို ဘုရားသခင်၏စိတ်တော်နှင့်တွေ့ရန် မိမိအလိုကိုငြင်းပယ်၍၊ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြ သွန်သင်မှုကိုခံယူရမည်။ သမ္မာတရားတော်နှင့်အညီ လိုက်လျှောက်ရပါမည်။ သို့မှသာ၊ များလှစွာသော ဝိညာဉ်အသီးကို သီးခြင်းဖြင့် သာဓုသစ္စာရှိသော ယေရှုခရစ်တော်၏တပည့်များအဖြစ်နှင့် ဘုရားဘုန်းတော်ကိုထင်ရှားစေမည်။၂၀၂၆ မင်္ဂလာနှစ်မှာ ကောင်းကြီးမင်္ဂလာအပေါင်းနှင့်ပြည့်စုံစေမည်။ ။